# ငါးမန်းဖားလောင်းအကြောင်းသိကောင်းစရာ

## ငါးမန်းဖားလောင်း /Whale shark

Rhincodon typus



ငါးမန်းဖားလောင်း (Whale Shark) သည် ငါးမန်းတစ်မျိုးဖြစ်၍ ဝေလငါးမဟုတ်ပါ။ ၎င်းကိုငါးမန်းအဖြစ်သတ်မှတ်၍ ရသည်မှာ ပါးဟပ်ဖြင့်အသက်ရှူခြင်း၊ အရိုးနုရှိခြင်းနှင့်အရိုးများ မပါရှိခြင်းတို့ကြောင့်ဖြစ်သည်။

မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်

EX EW CR EN VU NT LC



ငါးမန်းဖားလောင်းများကို မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက် တောင်ဘက် မြိတ်ကျွန်းစုမှ အနောက်ဘက် ရခိုင် ကမ်းရိုးတန်းအထိ တွေ့ရှိနိုင်သည်။



### ၎င်းတို့တွင်သေးငယ်သော သွားများပါရှိသည်။

သွားတစ်ချောင်းစီသည် အရှည်အားဖြင့် ၆မီလီမီတာအောက် သေး၍ မေးရိုး တစ်ဖက်စီတွင် သွားပေါင်း၃၀၀၀ခန့်ရှိသည်။

ငါးမန်းဖားလောင်းများသည် ၎င်းတို့၏ မျက်လုံးထဲတွင် သွားများပါရှိတယ်ဆိုတာ သင်သိပါသလား။ ငါးမန်းဖားလောင်းများတွင် ၎င်းတို့၏ မျက်လုံးများကို အကာကွယ်ပေးသည့် မျက်တောင်များအစား မျက်လုံးအစိတ်အပိုင်းများကို ဖုံးအုပ်ထားပေးသည့် သေးငယ်သောသွားများ ပါရှိသည်။



### ငါးမန်းဖားလောင်းများသည် အရွယ်အစားကြီးမားကြသည်။

အကြီးဆုံးငါးမန်းဖားလောင်းသည် မီတာ၂၀ထိရှည်သည်။ မြန်မာနိုင်ငံတွင် တွေ့ရသော ငါးမန်းဖားလောင်းအများစုသည် သေးငယ်၍ အရှည်အားဖြင့် ၂မီတာမှ၆မီတာထိ ရှိကြသည်။



### ငါးမန်းဖားလောင်းများသည် အစာကိုစစ်ယူစားသောက်သော သတ္တဝါများဖြစ်သည်။

၎င်းတို့သည် အစာကိုစစ်ယူစားသောက်သည့် ငါးမန်းမျိုးစိတ်၃မျိုးထဲမှ တစ်မျိုး အပါအဝင်ဖြစ်သည်။ ငါးမန်းဖားလောင်း တစ်ကောင်၏ အဓိကအစာတွင် အကောင်မျှောလေးများ၊ ကင်းမွန်များ၊ ငါးဥများနှင့် ရေရှူများ ပါဝင်သည်။



### ငါးမန်းဖားလောင်းများသည်ခရီးဝေးဝေး သွားလာနိုင်ကြသည်။

အန်နီ(Anne) အမည်ရှိသော ငါးမန်းဖားလောင်း တစ်ကောင်သည် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ ကီလိုမီတာ ၂၀၀၀၀ကျော်ကို ၈၄၁ရက်အတွင်း လှည့်လည်သွားလာခဲ့သည်။



### လူသားတို့၏လုပ်ဆောင်ချက်များသည် ငါးမန်းဖားလောင်းများအတွက် အကြီးမားဆုံးခြိမ်းခြောက်အန္တရာယ်များဖြစ်သည်။

ငါးမန်းဖားလောင်းများသည် ၎င်းတို့ကို ပစ်မှတ်ထားဖမ်းဆီးခြင်း မဟုတ်သော ငါးဖမ်းလုပ်ငန်းများမှ မတော်တဆဖမ်းဆီးခံရခြင်းများရှိသည်။ သင်္ဘောကြီးများသာမက ငါးဖမ်းလှေငယ်များနှင့် တိုက်မိခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရမှုများလည်း ရှိသည်။

OUR OCEAN, OUR HOME

တို့ပင်လယ် တို့အိမ်

MYANMAR ocean PROJECT

HEINRICH BÖLL STIFTUNG YANGON Myanmar

# ငါးမန်းဖားလောင်းနှင့်တွေ့လျှင်ကျွန်ုပ်တို့မည်သို့ ပြုမူသင့်သနည်း။

မြန်မာနိုင်ငံတွင် ငါးမန်းဖားလောင်းများ ဖမ်းဆီးရောင်းချခြင်းကို ဥပဒေအရတားမြစ်ထားသည်။

### ဆူညံသံကိုအတတ်နိုင်ဆုံးလျှော့ချပါ။

ရေထဲသို့မခုန်ချပဲဆင်းပါ။ငြိမ်သက်စွာ ကူးခတ်ပါ။
ရုတ်တရက်ထွက်ပေါ်လာသောဆူညံသံသည်
ငါးမန်းဖားလောင်းကိုကြောက်လန့်စေနိုင်ပါသည်။

### စက်ရပ်ပါ (သို့) အရှိန်လျှော့မောင်းပါ

ငါးမန်းဖားလောင်းအနောက်သို့ လှေဖြင့်လိုက်ခြင်းမပြုလုပ်ပါနဲ့။
လှေပန်ကာများကြောင့် ငါးမန်းဖားလောင်းများ ထိခိုက်ဒဏ်ရာ
ရခြင်းမှရှောင်ရှားနိုင်ရန် သင့်လှေ၏ စက်အား ရပ်ပါ။
သို့မဟုတ် ဖြည်းညင်းစွာမောင်းပါ။



### ဓါတ်ပုံများ

၎င်းတို့၏မျက်လုံးများကို တိုက်ရိုက်ထိခိုက်စေနိုင်မည့်
အလင်းစူးစူးများဖြင့် ထိုးခြင်းနှင့် ဓါတ်ပုံများအလွန်အကျွံရိုက်ခြင်းကို ရှောင်ရှားပါ။
ငါးမန်းဖားလောင်းများ၏ ခန္ဓာကိုယ်ပေါ်ရှိ အစက်အပြောက် ပုံသဏ္ဍာန်သည်
တစ်ကောင်နှင့်တစ်ကောင်တွင် မတူညီပဲကွဲပြားကြသည်။ ထိုသို့ထင်ရှားသော
အစက်အပြောက်များသည် သုတေသီများ တစ်ကောင်ချင်းစီအား ခွဲခြားနိုင်ရန်နှင့်
အကောင်အရေအတွက် တွက်ယူရာတွင် အကူညီဖြစ်စေသည်။
အကယ်၍ သင်သည် ငါးမန်းဖားလောင်း၏ ဘယ်ဘက်ခြမ်းရှိ ရင်ဘတ်ဆူးတောင်နှင့်
ငါးခုမြောက် ပါးဟက်အက်ကွဲကြောင်းကြားရှိ အစက်အပြောက် ပုံသဏ္ဍာန်ကို ဓါတ်ပုံရိုက်
ယူခဲ့ပါက သုတေသီများကိုကူညီနိုင်ရန် https://www.sharkbook.ai/
တွင် တင်ပြနိုင်ပါသည်။



### ငြိမ်သက်၍ ခပ်ခွာခွာနေပါ။

ငါးမန်းဖားလောင်း၏ ဦးခေါင်းဘက်မှ ၃မီတာအကွာနှင့် အမြီးဘက်မှ ၄မီတာအကွာတွင် နေပါ။
အကယ်၍ ငါးမန်းဖားလောင်းသည်သင့်အနားချဉ်းကပ်လာပါက
ငြိမ်သက်စွာနေ၍ ၎င်းကူးခတ်ရန် နေရာပေးပါ။